# မြန်မာ့အာမခံဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## မြန်မာ့အာမခံဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၃)

၁၃၅၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်
(၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥဒေကို မြန်မာ့အာမခံဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) **မြန်မာ့အာမခံ** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့် မြန်မာ့အာမခံကို ဆိုသည်။

(ခ) **အာမခံလုပ်ငန်း** ဆိုသည်မှာ ပုဒ်မ ၁၁ တွင် ဖော်ပြပါရှိသော အာမခံလုပ်ငန်းများကိုဆိုသည်။

(ဂ) **အသက်အာမခံ** ဆိုသည်မှာ အသက်အာမခံစာချုပ်အရ ရထိုက်သော တောင်းခံငွေအား ထုတ်ပေးရန် တာဝန်ယူခြင်းကို ဆိုသည်။

(ဃ) **အထွေထွေအာမခံ** ဆိုသည်မှာ အသက်အာမခံမှအပ အခြားအာမခံအမျိုးအစားအားလုံးအတွက် သက်ဆိုင်ရာ အာမခံစာချုပ်များအရ ရထိုက်သော တောင်းခံငွေများအား ထုတ်ပေးရန် တာဝန်ယူခြင်းကို ဆိုသည်။

(င) **တစ်ဆင့်အာမခံ** ဆိုသည်မှာ အာမခံသူက မိမိတာဝန်ယူထားသော အာမခံအားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း အခြားအာမခံ သူထံတွင် ထပ်ဆင့်အာမခံထားခြင်းကို ဆိုသည်။

(စ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကို ဆိုသည်။

(ဆ) **ဒါရိုက်တာအဖွဲ့** ဆိုသည်မှာ မြန်မာ့အာမခံ၏ ဒါရိုက်တာအဖွဲ့ကို ဆိုသည်။

## အခန်း(၂)
## တည်ထောင်ခြင်းနှင့်ရည်မှန်းချက်

၃။ မြန်မာ့အာမခံကို ကိုယ်ပိုင်အမည်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲ ဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့်ရှိသော တရားဝင်အဖွဲ့အစည်းအဖြစ် ဤဥပဒေအရ တည်ထောင်သည်။

၄။ မြန်မာ့အာမခံကို အောက်ပါရည်မှန်းချက်များဖြင့် တည်ထောင်သည် -

(က) ဖြစ်ပျက်တတ်သော ဘေးအန္တရာယ်များကြောင့် ပြည်သူများ ကြုံတွေ့နိုင်သည့် လူမှုရေး၊ စီးပွားရေး နစ်နာဆုံးရှုံးမှုများကို နှစ်ဦးနှစ်ဖက် သဘောတူညီချက်အရ အာမခံထားခြင်းဖြင့် ငွေကြေးပြေလည်မှု ရရှိစေရန်၊

(ခ) လူတစ်ဦးစီအလိုက် အသက်အာမခံထားခြင်းဖြင့် ငွေစုဆောင်းသည့် အလေ့အထ တိုးပွားစေပြီး နိုင်ငံတော်၏ အရင်းအနှီး စုဆောင်းမှုကို အထောက်အကူပြုစေရန်၊

(ဂ) လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လိုအပ်လာမည့် အာမခံ အကာအကွယ် အမျိုးမျိုးကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် အာမခံ စနစ်အပေါ် ပြည်သူများ ယုံကြည်ကိုးစားမှု ရှိလာစေရန်။

## အခန်း(၃)
## ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၅။ အစိုးရသည် -

(က) ဒါရိုက်တာအဖွဲ့ကို အစိုးရဌာန အကြီးအကဲများနှင့် သင့်လျော်သော နိုင်ငံသားများ ပါဝင်စေလျက် ဖွဲ့စည်းရမည်၊

(ခ) ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ရမည်။

(ဂ) ဒါရိုက်တာအဖွဲ့၏ သက်တမ်းကို သတ်မှတ်နိုင်သည်။

(ဃ) ဒါရိုက်တာအဖွဲ့၏ သက်တမ်းအတွင်း မည်သည့်ဒါရိုက်တာ အဖွဲ့ဝင်ကိုမဆို ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဖြည့်စွက်ခန့်ထားခြင်း ပြုနိုင်သည်။

၆။ ဒါရိုက်တာအဖွဲ့သည် ဤဥပဒေပါ မြန်မာ့အာမခံ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း၊ အာမခံလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခြင်း ပြုရမည်။

၇။ အစိုးရဝန်ထမ်းမဟုတ်သော ဒါရိုက်တာအဖွဲ့ဝင်သည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၈။ ဒါရိုက်တာအဖွဲ့သည် မြန်မာ့အာမခံ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဒါရိုက်တာအဖွဲ့ဝင်များ၊ ကျွမ်းကျင်သူပညာရှင်များ၊ ဝန်ထမ်းများ ပါဝင်စေလျက် ကော်မတီများကို ဖွဲ့စည်းနိုင်သည်။ ထိုသို့ဖွဲ့စည်းရာတွင် ယင်းကော်မတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကိုသတ်မှတ်ပေးရမည်။

၉။ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ခေါ်ယူကျင်းပခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းပြုနိုင်သည်။

၁၀။ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌသည် -

(က) မြန်မာ့အာမခံကိုယ်စား သဘောတူစာချုပ်များ ချုပ်ဆိုရန်အတွက် လည်းကောင်း၊ စာချုပ်စာတမ်းများ၊ စာချွန်လွှာများနှင့် အာမခံပေါ်လစီစာချုပ်များကို လက်မှတ် ရေးထိုးရန် အတွက် လည်းကောင်း လုပ်ပိုင်ခွင့်များ ရှိစေရမည်။
(ခ) မိမိ၏လုပ်ပိုင်ခွင့်များအနက် အာမခံပေါ်လစီစာချုပ်များ လက်မှတ်ရေးထိုးခြင်း လုပ်ပိုင်ခွင့်ကို မြန်မာ့အာမခံ၏ အရာရှိများအား လွှဲအပ်နိုင်သည်။

## အခန်း(၄)
## အာမခံလုပ်ငန်းများ

၁၁။ မြန်မာ့အာမခံသည် အောက်ပါအာမခံလုပ်ငန်းများကို လက်ခံဆောင်ရွက်ရမည် -

(က) အသက်အာမခံ၊
(ခ) သူတစ်ပါးထိခိုက်မှုအာမခံ၊
(ဂ) အထွေထွေနစ်နာဆုံးရှုံးမှုပေးလျော်ရန်အာမခံ၊
(ဃ) မီးအာမခံ၊
(င) ရေကြောင်းကုန်ပစ္စည်းအာမခံ၊
(စ) ရေကြောင်းကိုယ်ထည်အာမခံ၊
(ဆ) လေကြောင်းအာမခံ၊
(ဇ) အင်ဂျင်နီယာအာမခံ၊
(ဈ) အလုံးစုံမော်တော်ယာဉ်အာမခံ၊
(ည) ရေနံနှင့်သဘာဝဓါတ်ငွေ့အာမခံ၊
(ဋ) ငွေပို့ငွေသယ်အာမခံ၊
(ဌ) ငွေသားလုံခြုံမှုအာမခံ၊
(ဍ) သမာဓိအာမခံ၊
(ဎ) ခရီးသွားအာမခံ၊
(ဏ) ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊
(တ) အခြားအာမခံအမျိုးအစားများ၊
(ထ) ဝန်ကြီးဌာနကသတ်မှတ်သောအာမခံများ။

## အခန်း(၅)
## မြန်မာ့အာမခံ၏ လုပ်ပိုင်ခွင့်များ

၁၂။ မြန်မာ့အာမခံ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်တွင်းပြည်ပ၌ အခြားသင့်လျော်သော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်း၊

(ခ) ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်တွင်းပြည်ပ၌ ရုံးခွဲများ ဖွင့်လှစ်ခြင်း၊ ကိုယ်စားလှယ်များခန့်ထားခြင်း၊

(ဂ) မိမိလက်ခံဆောင်ရွက်သော အာမခံလုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြည်တွင်းပြည်ပ၌ တစ်ဆင့်အာမခံထားရှိခြင်း၊

(ဃ) ငွေချေးသက်သေခံ လက်မှတ်များ၊ ဒီဘင်ချာစာချုပ်များ၊ ရှယ်ယာများ၊ ငွေစုလက်မှတ်များ ဝယ်ယူရင်းနှီးမြှုပ်နှံခြင်း၊

(င) ပရီမီယံနှုန်းထားများ၊ ပေါ်လစီစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အခြားအာမခံကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) အာမခံထားရှိသဖြင့် ပရီမီယံအဖြစ်ရရှိလာသည့် နိုင်ငံခြားသုံးငွေများကို လက်ခံခြင်း၊

(ဆ) နိုင်ငံခြားသုံးငွေဖြင့် အာမခံထားရှိသဖြင့် ဆုံးရှုံးမှုများအတွက် နိုင်ငံခြားသုံးငွေဖြင့် လျော်ကြေးပေးရန်ကိစ္စများကို ဆောင်ရွက်ခြင်း၊

(ဇ) ပရီမီယံနှုန်း၊ နစ်နာကြေးနှုန်း၊ လျော်ကြေးနှုန်း၊ ဘေးအန္တရာယ်ကို အကြောင်းပြုသည့် အပိုပရီမီယံနှုန်း၊ လျော်ကြေးမဲ့ဆု၊ မေတ္တာရှိ ပေးလျော်ကြေး၊ ဒဏ်ကြေး၊ ကော်မရှင်နှုန်း၊ အသက်အာမခံချေးငွေနှင့် အတိုးနှုန်း၊ အသက်အာမခံ အမ်းငွေနှင့် စာရင်းပိတ်နှုန်းများကို သတ်မှတ်ဆောင်ရွက်ခြင်း၊

(ဈ) အသက်အာမခံလုပ်ငန်းကို အခါအားလျော်စွာ အာမခံသင်္ချာနည်းဖြင့် တန်ဖိုးဖြတ်ခြင်း၊ ထိုသို့ တန်ဖိုးဖြတ်ရန်အတွက် လိုအပ်သော အာမခံသင်္ချာပညာရှင်ကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ငှားရမ်းခြင်း၊

(ည) အသက်အာမခံလုပ်ငန်းကို အာမခံသင်္ချာနည်းဖြင့် တန်ဖိုးဖြတ်ရာတွင် အကျိုးအမြတ်ရှိကြောင်း ပေါ်ပေါက်ခဲ့ပါက ယင်းအကျိုးအမြတ်ကို ရထိုက်ခွင့်ရှိသော အာမခံထားသူများသို့ ခွဲဝေပေးခြင်း၊

(ဋ) မိမိတစ်ဦးတည်းကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသော အာမခံလုပ်ငန်းများတွင် အကျုံးဝင်သော သူတစ်ပါးထိခိုက်မှုအာမခံလုပ်ငန်းနှင့် တစ်ဆင့်

အာမခံလုပ်ငန်းများမှအပ အခြားအာမခံလုပ်ငန်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပိုသော အာမခံလုပ်ငန်းများကိုဖြစ်စေ နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများဥပဒေ ပုဒ်မ ၄ အရ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသော အခြား ကုမ္ပဏီများအား လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဌ) နိုင်ငံခြားသုံးငွေဖြင့် ပေးချေရန် လိုအပ်သော တစ်ဆင့်အာမခံပရီမီယံ၊ ပေးချေရမည့် လျော်ကြေး၊ အာမခံတင်သွင်းငွေ၊ တရားစရိတ်၊ တံဆိပ်ခေါင်းဖိုး၊ ရှေ့နေခ၊ စစ်ဆေးခ၊ လုပ်ငန်းနှင့် တိုက်ရိုက်သက်ဆိုင်သည့် အခြားစရိတ်များ အတွက် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံခြားငွေကို သုံးစွဲခြင်း၊

(ဍ) အာမခံပညာ စဉ်ဆက်မပြတ် ခေတ်မီတိုးတက်စေရေးအတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။

## အခန်း(၆)
## အာမခံထားရှိခြင်းနှင့် အကျိုးခံစားခွင့်ထုတ်ပေးခြင်း

၁၃။ အစိုးရဝန်ထမ်းများသည် သတ်မှတ်ထားသော အသက်အရွယ်နှင့် လစာနှုန်းထားများအရ မြန်မာ့အာမခံ၌ အသက်အာမခံ မထားမနေရ ထားရှိရမည်။

၁၄။ အရွယ်ရောက်သူတစ်ဦးသည် အရွယ်မရောက်သေးသူတစ်ဦးအတွက် အသက်အာမခံ ထားရှိနိုင်သည်။

၁၅။ စက်တပ်ယာဉ် ပိုင်ရှင်များသည် မြန်မာ့အာမခံ၌ သူတစ်ပါးထိခိုက်မှုအာမခံ မထားမနေရ ထားရှိရမည်။

၁၆။ နိုင်ငံပိုင်ပစ္စည်းများကို ပျက်စီးဆုံးရှုံးမှုဖြစ်စေနိုင်သော သို့မဟုတ် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို နစ်နာဆုံးရှုံးမှုဖြစ်စေနိုင်သော သို့မဟုတ် ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေနိုင်သော လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်သော လုပ်ငန်းရှင် သို့မဟုတ် အဖွဲ့အစည်းသည် မြန်မာ့အာမခံ၌ အထွေထွေနစ်နာဆုံးရှုံးမှု ပေးလျော်ရန်အာမခံ မထားမနေရ ထားရှိရမည်။

၁၇။ ပုဒ်မ ၁၆ အရ အထွေထွေနစ်နာဆုံးရှုံးမှုပေးလျော်ရန်အာမခံ မထားမနေရ ထားရှိရမည့် လုပ်ငန်းရှင် သို့မဟုတ် အဖွဲ့အစည်းများကို ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

၁၈။ နိုင်ငံတော်အဖွဲ့အစည်းများနှင့် နိုင်ငံတော်၏ မတည်ရင်းနှီးငွေ ငါးဆယ်ရာခိုင်နှုန်းနှင့် ယင်းအထက်ပါဝင်သော လုပ်ငန်းရှင်များသည် မိမိတို့ထားလိုသည့် အာမခံအမျိုးအစားမှာ မြန်မာ့အာမခံက လက်ခံဆောင်ရွက်နေသည့် အာမခံအမျိုးအစားဖြစ်ပါက မြန်မာ့အာမခံ၌သာ အာမခံထားရှိရမည်။

၁၉။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းသော စီးပွားရေးအဖွဲ့အစည်းများသည် မြန်မာ့အာမခံက အခါအားလျော်စွာ သတ်မှတ်သည့် အာမခံအမျိုးအစားများကို မြန်မာ့အာမခံ၌သာ အာမခံထားရှိရမည်။ သို့ရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးသည် ဖော်ပြပါ စီးပွားရေးအဖွဲ့အစည်းများက ထားရှိရမည့် အာမခံအမျိုးအစားများအနက် တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ နိုင်ငံတော်အကျိုးငှာ အာမခံထားရှိ ခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည်။

၂၀။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေအရ ပြုလုပ်သည့် အသက်အာမခံပေါ်လစီတိုင်းအတွက် အာမခံထားသူက လွှဲအပ်ခြင်းခံရသူသာလျှင် အကျိုးခံစား ခွင့်ရရှိစေရမည်။

## အခန်း(၇)
## မတည်ငွေရင်းနှင့် အမြတ်ခွဲဝေမှု

၂၁။ (က) နိုင်ငံတော်သည် မြန်မာ့အာမခံ၏ တစ်ဦးတည်းသော အစုရှယ်ယာပိုင်ရှင် ဖြစ်ရမည်။ မြန်မာ့အာမခံ၏ ခွင့်ပြု မတည်ငွေရင်းသည် ကျပ်သန်းပေါင်း (၃၀၀) ဖြစ်သည်။ ယင်းအနက် ကျပ်သန်း (၁၅၀)ကို နိုင်ငံတော်က ထည့်ဝင်ပြီး ဖြစ်ရမည်။ ကျန်ရှိသော ခွင့်ပြု မတည်ငွေရင်းကို နိုင်ငံတော်က လိုအပ်သလို ထည့်ဝင်နိုင် သည်၊

(ခ) မြန်မာ့အာမခံ၏ ခွင့်ပြုမတည်ငွေရင်းနှင့် ထည့်ဝင်ပြီး မတည်ငွေရင်းတို့ကို အစိုးရ ၏ခွင့်ပြုချက်ဖြင့် တိုးမြှင့်နိုင်သည်။

၂၂။ မြန်မာ့အာမခံတွင် အောက်ပါရန်ပုံငွေများ ထားရှိရမည် -

(က) အထွေထွေသီးသန့်ရန်ပုံငွေ၊

(ခ) အသက်အာမခံလုပ်ငန်းရန်ပုံငွေ၊

(ဂ) အထွေထွေအာမခံလုပ်ငန်းရန်ပုံငွေ။

၂၃။ အထွေထွေသီးသန့်ရန်ပုံငွေတွင် အောက်ပါငွေများ ထည့်သွင်းရမည် -

(က) နိုင်ငံတော်က ကနဦးထည့်ဝင်ငွေ ကျပ်သန်း (၅၀)၊

(ခ) အသက်အာမခံလုပ်ငန်းအား အာမခံသင်္ချာနည်းဖြင့် တန်ဖိုးဖြတ်ပြီး အမြတ်ခွဲဝေငွေမှ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေ၊

(ဂ) အထွေထွေအာမခံလုပ်ငန်း တစ်ခုစီ၏ နှစ်စဉ်လုပ်ငန်းဆောင်ရွက်မှု ပိုမိုငွေမှ အာမခံလုပ်ငန်း ရန်ပုံငွေများ ထည့်ဝင်ပြီး ကျန်ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေ။

၂၄။ အထွေထွေသီးသန့်ရန်ပုံငွေသို့ ထည့်ဝင်ငွေရာခိုင်နှုန်းကို အစိုးရ၏ခွင့်ပြုချက်ဖြင့် တိုးမြှင့်နိုင်သည်။ အထွေထွေသီးသန့်ရန်ပုံငွေ စုစုပေါင်းသည် မြန်မာ့အာမခံ၏ထည့်ဝင်ပြီး မတည်ငွေရင်းထက် ကျော်လွန်နိုင်သည်။

၂၅။ အသက်အာမခံလုပ်ငန်း ရန်ပုံငွေတွင် အောက်ပါငွေများ ထည့်သွင်းရမည် -

(က) နိုင်ငံတော်က ကနဦးထည့်ဝင်ငွေ ကျပ်သန်း (၆၀၀)၊

(ခ) အသက်အာမခံလုပ်ငန်း၏ နှစ်စဉ်ဝင်ငွေ စုစုပေါင်းမှ ကုန်ကျစရိတ် နုတ်ပယ်ပြီးပိုမိုငွေ။

၂၆။ အထွေထွေအာမခံလုပ်ငန်း ရန်ပုံငွေတွင် အထွေထွေအာမခံလုပ်ငန်းများ၏ ပိုငွေမှ လုပ်ငန်းရပ်အလိုက် နှစ်စဉ်အာမခံပရီမီယံရငွေ၏ လေးဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ငွေပမာဏ သို့မဟုတ် ထိုလုပ်ငန်းဆောင်ရွက်မှု ပိုငွေသည် နှစ်စဉ်အာမခံပရီမီယံရငွေ၏ လေးဆယ်ရာခိုင်နှုန်း မပြည့်မီခဲ့သော် ပိုငွေအားလုံးကို ထည့်သွင်းရမည်။

၂၇။ မြန်မာ့အာမခံသည် အသက်အာမခံလုပ်ငန်းအတွက် အသက်အာမခံ သင်္ချာနည်းဖြင့် တန်ဖိုးဖြတ်ဆောင်ရွက်ခြင်းဖြင့် ရရှိသော အမြတ်ငွေများအနက် အထွေထွေသီးသန့် ရန်ပုံငွေသို့ တစ်ဆယ်ရာခိုင်နှုန်း ထည့်သွင်းပြီးနောက် ပိုငွေ ကိုးဆယ်ရာခိုင်နှုန်းကို အသက်အာမခံပေါ်လစီရှင်များသို့ ခွဲဝေပေးရမည်။

၂၈။ မြန်မာ့အာမခံသည် အာမခံလုပ်ငန်းရန်ပုံငွေများ ထည့်ဝင်ပြီးနောက် ကျန်ရှိသော အထွေထွေအာမခံလုပ်ငန်းတစ်ခုစီ၏ ပိုငွေမှ အထွေထွေသီးသန့်ရန်ပုံငွေသို့ တစ်ဆယ်ရာခိုင်နှုန်း ထည့်ဝင်ပြီး ပိုငွေကိုးဆယ်ရာခိုင်နှုန်းကို အစိုးရသို့ ပေးသွင်းရမည်။

၂၉။ မြန်မာ့အာမခံသည် အာမခံလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းအလိုက် လိုငွေပေါ်ပေါက်ခဲ့သော် ပထမဦးစွာ လုပ်ငန်းအလိုက် အာမခံရန်ပုံငွေမှ သုံးစွဲရမည်။ အာမခံရန်ပုံငွေမှ မလုံလောက်ခဲ့သော် သီးသန့်ရန်ပုံငွေမှ ကျခံရမည်။ သီးသန့်ရန်ပုံငွေမှ မလုံလောက်ခဲ့သော် ထုတ်ပေးရန်ကျန်ရှိသော ပေါ်လစီငွေများအတွက် နိုင်ငံတော်က တာဝန်ခံရမည်။

၃၀။ မြန်မာ့အာမခံသည် မိမိ၏လုပ်ငန်းများအတွက် လိုအပ်မည့်လှည့်ပတ်သုံးစွဲငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင်သော်လည်းကောင်း၊ နိုင်ငံပိုင် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုတွင်သော်လည်းကောင်း၊ စာရင်းဖွင့်လှစ် အပ်နှံရမည်။

၃၁။ မြန်မာ့အာမခံသည် -

(က) နိုင်ငံခြားသုံးငွေဖြင့် အာမခံလက်ခံခြင်း၊ ပေးလျော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာဘဏ်တွင် နိုင်ငံခြားသုံးငွေစာရင်း ဖွင့်လှစ်ဆောင်ရွက်ရမည်။

(ခ) နိုင်ငံခြားသုံးငွေစာရင်းတွင် ကနဦးစာရင်းဖွင့် အဖြစ် ကျပ်ငွေ(၅)သန်းနှင့် ညီမျှသော နိုင်ငံခြားသုံးငွေကိုထည့်သွင်း၍ လုပ်ငန်းအတွက် ရရှိသည့် နိုင်ငံခြားသုံးငွေများ ထည့်သွင်းခြင်းနှင့် လုပ်ငန်းအတွက် ပေးငွေများ ထုတ်ပေးခြင်းတို့ကို ပြုလုပ်နိုင် သည်။

(ဂ) နိုင်ငံခြားသုံးငွေဖြင့် ပေးဆောင်ရန် လက်ကျန်ငွေ လုံလောက်မှုမရှိသည့်အခါ အစိုးရ၏ ခွင့်ပြုချက်ဖြင့် ထပ်မံဖြည့်တင်း ဆောင်ရွက်နိုင်သည်။

## အခန်း(၈)
## ငွေစာရင်းများနှင့်စာရင်းစစ်ဆေးခြင်း

၃၂။ မြန်မာ့အာမခံ၏ ဘဏ္ဍာရေးနှစ်သည် နိုင်ငံတော်၏ ဘဏ္ဍာရေးနှစ်အတိုင်း ဖြစ်စေရမည်။

၃၃။ မြန်မာ့အာမခံသည် မိမိ၏စာရင်းများနှင့်စပ်လျဉ်း၍ စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးခြင်းကို ခံယူရမည်။

၃၄။ (က) မြန်မာ့အာမခံသည် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါတိုင်း နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း ပြုလုပ်ရမည်၊

(ခ) စာရင်းစစ်ချုပ်ရုံးက မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးသည့် နှစ်ချုပ် ငွေစာရင်းရှင်းတမ်းကို မြန်မာ့အာမခံ၏ နှစ်ချုပ်အစီရင်ခံစာနှင့်အတူ ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် ၆ လအတွင်း ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရ မည်။

(ဂ) မြန်မာ့အာမခံသည် နှစ်ချုပ်အစီရင်ခံစာကို အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း ထုတ်ပြန်ကြေညာရမည်။

## အခန်း(၉)
## အထွေထွေ

၃၅။ မြန်မာ့အာမခံသည် ပျက်စီးဆုံးရှုံးမှုကြောင့် မိမိက လျော်ကြေးပေး၍ သိမ်းယူထားပြီးဖြစ်သော အဆောက်အအုံများ၊ ပစ္စည်းများနှင့်ယာဉ်များကို ဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲခွင့်ရှိသည်။

၃၆။ နိုင်ငံတော်ကဖြစ်စေ၊ မြန်မာ့အာမခံကဖြစ်စေ အာမခံပေါ်လစီရှင်ပေါ်တွင် တင်ရှိသော ကြွေးမြီမှတစ်ပါး ပေါ်လစီရှင်က ခံယူသည့် အခြားကြွေးမြီ သို့မဟုတ် ကြွေးမြီတာဝန် တစ်ခုခုနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ပေါ်လစီရှင်သို့ ထုတ်ပေးရမည့်ငွေများကို မည်သည့် တရားရုံးကမဆို ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း၊ တရားမကြောင်းဖြင့်သော်လည်းကောင်း အမိန့် သို့မဟုတ် ဒီကရီချမှတ်၍ ဝရမ်းမကပ်ရ။

၃၇။ မြန်မာ့အာမခံသည် အာမခံလုပ်ငန်းဥပဒေအရ တည်ထောင်ထားသော မြန်မာ့အာမခံလုပ်ငန်းပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ ဆောင်ရွက်ဆဲလုပ်ငန်းနှင့်ဆောင်ရွက်ပြီးလုပ်ငန်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်တို့အပြင် ဝန်ထမ်းအဖွဲ့အစည်းကိုပါ ဆက်ခံရမည်။

၃၈။ အာမခံလုပ်ငန်းဥပဒေအရ အာမခံလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြုလုပ်ခဲ့သည့် သို့မဟုတ် ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်များ၊ စာချွန်လွှာများ၊ အာမခံပေါ်လစီစာချုပ်များသည် မြန်မာ့အာမခံက ပြုလုပ်သည့် သို့မဟုတ် ချုပ်ဆိုသည့် သဘောတူစာချုပ်များ၊ စာချွန်လွှာများ၊ အာမခံပေါ်လစီ စာချုပ်များဖြစ်သည်ဟု မှတ်ယူရမည်။

၃၉။ အာမခံလုပ်ငန်းဥပဒေအရ တည်ထောင်ထားရှိသည့် မြန်မာ့အာမခံလုပ်ငန်း စီမံခန့်ခွဲရေးအဖွဲ့သည် ဤဥပဒေအရ ဖွဲ့စည်းသည့် ဒါရိုက်တာအဖွဲ့အား တာဝန်ဝတ္တရားများ လွှဲအပ်ပေးသည့် နေ့အထိ လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိစေရမည်။

၄၀။ အာမခံလုပ်ငန်းဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနနှင့် မြန်မာ့အာမခံသည် အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင် သည်။

၄၂။ အာမခံလုပ်ငန်းဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၀)ကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# မြန်မာ့အာမခံဥပဒေ
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁) အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက် | ၁ - ၂ |
| ၂။ | အခန်း(၂) တည်ထောင်ခြင်းနှင့်ရည်မှန်းချက် | ၂ |
| ၃။ | အခန်း(၃) ဒါရိုက်တာအဖွဲ့ဖွဲ့စည်းခြင်းနှင့်စီမံခန့်ခွဲခြင်း | ၃ - ၄ |
| ၄။ | အခန်း(၄) အာမခံလုပ်ငန်းများ | ၄ |
| ၅။ | အခန်း(၅) မြန်မာ့အာမခံ၏လုပ်ပိုင်ခွင့်များ | ၅ - ၆ |
| ၆။ | အခန်း(၆) အာမခံထားရှိခြင်းနှင့်အကျိုးခံစားခွင့်ထုတ်ပေးခြင်း | ၆ - ၇ |
| ၇။ | အခန်း(၇) မတည်ငွေရင်းနှင့်အမြတ်ခွဲဝေမှု | ၇ - ၉ |
| ၈။ | အခန်း(၈) ငွေစာရင်းများနှင့်စာရင်းစစ်ဆေးခြင်း | ၉ - ၁၀ |
| ၉။ | အခန်း(၉) အထွေထွေ | ၁၀ - ၁၁ |